လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter | သတင်းလွှာ | November 2023

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့်အတူ ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင် မိခင်များ၊ ကလေးသူငယ်များ၊ သက်ကြီး ဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် မူလတန်းကြိုကျောင်းများအား ကြည့်ရှုစစ်ဆေးခြင်း



**၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်** **ရှမ်းပြည်နယ်**

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ် အောက် ကလေးသူငယ်များ၊ အသက်(၈၅)နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများနှင့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်း များအား ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကို (၃.၁၁.၂၀၂၃) ရက်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ရှမ်းပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။





ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ် အတွင်းရှိ တည်ထောင်ခွင့်ပြုမိန့်ရရှိပြီးသော ဂေဟာ/ ရိပ်သာ(၅၉)ခု၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း(၃၀၁)ကျောင်း တို့အတွက် ထောက်ပံ့ကြေးများ ပေးအပ်သွားမည်ဖြစ် ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို နိုင်ငံတော် အစိုးရနှင့်အတူ စေတနာ့ဝန်ထမ်း အဖွဲ့အစည်း များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပြည်သူလူထု အားလုံးက ဟန်ချက်ညီညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက် ကြခြင်းဖြင့် နိုင်ငံတော်အတွက် အားကိုးအားထားဖြစ်ရ သော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာနိုင်မည်ဖြစ် ကြောင်း ပြောကြားခဲ့ပါသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက အခမ်းအနားသို့တက်ရောက် လာသည့် သက်ကြီးဘိုးဘွားများ၊ ကိုယ်ဝန်ဆောင်မိခင် များနှင့် အသက်(၂)နှစ်အောက် ကလေးများကို ထောက်ပံ့ ကြေးများပေးအပ်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

ထောက်ပံ့မှုစုစုပေါင်းမှာ ငွေကျပ်(၄၂၁၂.၆၇၆)သန်း ဖြစ်ပါ သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည် နယ် အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေး ဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံခဲ့ပြီး နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များအား ထပ်ဆင့် ရှင်းလင်း ပြောကြားခဲ့ပါသည်။ ဝန်ထမ်းများအား ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများအတိုင်းလိုက်နာ၍ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင် ကြရန် လမ်းညွှန်မှာကြားခဲ့ပါသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကြီးမူလတန်းကြိုကျောင်း၊ ဟိုပုံးမူလတန်းကြိုကျောင်းနှင့် သူငယ်တော်ယေဇူး မသန်စွမ်း ဂေဟာများသို့ သွားရောက်ခဲ့ပြီး ကလေးငယ်များ မူကြိုပညာရေး သင်ကြားနေမှုနှင့် သူငယ်တော်ယေဇူး မသန်စွမ်းဂေဟာရှိ မသန်စွမ်းကလေးများအား ရင်းရင်း နှီးနှီး တွေ့ဆုံအားပေးစကားများ ပြောကြားခဲ့ပါသည်။ မူလတန်းကြိုကျောင်းများတွင် ကလေးများအတွက် ထောက်ပံ့ငွေနှင့် မုန့်များအားလည်းကောင်း၊ သူငယ်တော် ယေဇူး မသန်စွမ်းဂေဟာတွင် ထောက်ပံ့ငွေ၊ ဆန်ရိက္ခာ၊ ဆီနှင့် မုန့်များအားလည်းကောင်း ပေးအပ် လှူဒါန်းခဲ့ပါ သည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ တတိယရာထူးအကြီးဆုံးနှင့် ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်ဖြစ်သူ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လက်ထောက်မဟာမင်းကြီး Mr. Raouf Mazou နှင့်တွေ့ဆုံခြင်း




**၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းအား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ၏ တတိယ ရာထူးအကြီးဆုံးနှင့် ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်ဖြစ်သူ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လက်ထောက်မဟာမင်းကြီး Mr. Raouf Mazou ဦးဆောင်သောအဖွဲ့သည် (၉-၁၁-၂၀၂၃)ရက်နေ့တွင် ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံပွဲသို့ ဝန်ကြီးဌာနဘက်မှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ UNHCR ဘက်မှ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဗျူရို ညွှန်ကြားရေးမှူး Mr. Indrika Ratwattee ၊ UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေ ကိုယ်စားလှယ် Ms. Noriko Takagi နှင့်တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၃) ကျင်းပခြင်း



**၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်** **နေပြည်တော်**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး (၁/၂၀၂၃) ကို (၁၅-၁၁-၂၀၂၃) ရက်နေ့တွင် ဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတက်ရောက် အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ အမျိုးသားကော်မတီဝင်ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ကော်မတီဝင်များ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်ဥက္ကဋ္ဌ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် မသန်စွမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များမှ In Person ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်တို့ရှိ လူမှုရေးဝန်ကြီးများမှ Video Conferencing စနစ်ဖြင့်လည်းကောင်း တက်ရောက်ခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းမှ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုလုပ်ငန်းအတွက် ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာဝန်ကြီးများအဆင့်ဖိုရမ် (၂၀၂၃) သို့ တက်ရောက်ခြင်း




**၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်** **နေပြည်တော်**

ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှု လုပ်ငန်းအတွက် ရပ်ဝန်းနှင့်ပိုးလမ်းမနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် ဖိုရမ် ၂၀၂၃ (2023 Belt and Road Ministerial Forum for International Cooperation in Disaster Risk Reduction and Emergency Management- BRIDRREM) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကြီးမှူး၍ (၁၆-၁၁-၂၀၂၃) ရက်နေ့

မြန်မာစံတော်ချိန် (၁၈:၃၀) နာရီတွင် Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ပါဝင်တက်ရောက်ခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်၊ Mr. LIU Guozhong က ယနေ့ဖိုရမ်ကို “Emergency Management: Safety and Prevention First” ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ရပ်ဝန်းနှင့် ပိုးလမ်းမကြီးတွင်ပါဝင်သော နိုင်ငံများအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး၊ ကြိုတင်ကာကွယ်ရေးနှင့် လုပ်ငန်းခွင်ဘေးကင်း လုံခြုံရေးကို ပိုမိုထိရောက်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အစီအစဉ်အရ ဖိုရမ်သို့ တက်ရောက်သော နိုင်ငံများက 2023 Belt and Road Ministerial Forum for International Cooperation in Disaster Risk Reduction and Emergency Management (BRIDRREM) ၏ ပူးတွဲကြေညာချက် (Joint Statement) ကို အတည်ပြုခဲ့ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အရေးပေါ်စီမံခန့်ခွဲမှုဝန်ကြီးဌာန၊ ဝန်ကြီး Mr. WANG Xiangxi က နိဂုံးချုပ်စကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရမည်းသင်းခရိုင်နှင့် မိတ္ထီလာခရိုင်အတွင်းရှိ မူလတန်းကြိုကျောင်းများ၊ ရုံးများနှင့် ဘိုးဘွားရိပ်သာတို့အား ကြည့်ရှုစစ်ဆေးခြင်း



**၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်** **မန္တလေးတိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများလိုက်ပါ၍ (၁၈-၁၁-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံး၊ ကယ်ဆယ်ရေးပစ္စည်း သိုလှောင်ရုံ၊ ရမည်းသင်းမြို့ မူလတန်းကြိုကျောင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံ၍

အမှာစကားပြောကြားခဲ့ပါသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပျော်ဘွယ်မြို့ ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား တွေ့ဆုံ ဂါရဝပြုကာ ငွေကြေးနှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းပေးခဲ့ပါသည်။

၎င်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့သို့ ဆက်လက်သွားရောက်ပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးပစ္စည်း သိုလှောင်ရုံသို့လည်းကောင်း၊လူမှုဝန်ထမ်းဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံးနှင့် မူလတန်းကြိုကျောင်းသို့လည်းကောင်း၊ သွားရောက်စစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့၍ လိုအပ်သည်များ မှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းပေးခဲ့ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ ဝန်ဇင်းဘိုးဘွားရိပ်သာသို့ ဘိုးဘွားများ၏ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု စသည်တို့ကို မေးမြန်းကြည့်ရှုကာငွေကြေးနှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ပါသည်။

## (၃၄) နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်းအနားကျင်းပခြင်း




**၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်** **နေပြည်တော်**

(၃၄) နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်းအနားကို (၂၀-၁၁-၂၀၂၃) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီအချိန်တွင် လူမှုဝန်ထမ်း၊

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန၊ ဝန်ကြီးရုံး၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါ သည်။

အခမ်းအနားသို့ ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယ ဝန်ကြီးများ၊ မြန်မာနိုင်ငံလူ့အခွင့်အရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်ကလေး သူငယ်အခွင့်အရေးများဆိုင်ရာ အဖွဲ့အစည်းများမှ ဥက္ကဋ္ဌ များ နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။



ဆက်လက်၍ ကလေးသူငယ်အခွင့်အရေးများ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်း ဗီဒီယိုပြသ ခဲ့ပြီး နေပြည်တော်ကလေးပြုစုရေးဌာနနှင့် မူလတန်းကြို ကျောင်းများရှိ ကလေးများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဌာနငယ်/ သင်တန်းကျောင်းများမှ ကလေးများက သီချင်း များဖြင့် သရုပ်ဖော်တင်ဆက်ကပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီး က ဆုများချီးမြှင့် ပေးအပ်ခဲ့ကာ စုပေါင်းမှတ်တမ်းတင် ဓါတ်ပုံရိုက်ကူး၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းမှ မသန်စွမ်းသူမှတ်ပုံတင်လက်မှတ်နှင့်မသန်စွမ်း ထောက်ပံ့ကြေးပေးအပ်ခြင်း




**၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်** **နေပြည်တော်**

မသန်စွမ်းသူ မှတ်ပုံတင်လက်မှတ်ရရှိပြီးသူများ အား မသန်စွမ်းထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနား ကို (၂၁-၁၁-၂၀၂၃)ရက်နေ့တွင် ဝန်ကြီးဌာန၊ စုပေါင်းခန်းမ ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်မိန့်ခွန်း ပြောကြားခဲ့ပါသည်။

ဥတ္တရသီရိမြို့နယ်မှ မသန်စွမ်းသူ (၁၆၄) ဦးနှင့်

ဇမ္ဗူသီရိမြို့နယ်မှ မသန်စွမ်းသူ (၈၉) ဦး စုစုပေါင်း မသန်စွမ်းသူ (၂၅၃) ဦးတို့အား မသန်စွမ်းသူမှတ်ပုံတင်လက်မှတ်နှင့် မသန်စွမ်းထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် ကျပ်သုံးသောင်းနှုန်းဖြင့် ငွေကျပ်စုစုပေါင်း (ခုနစ်ဆယ့်ငါးသိန်း ကိုးသောင်း) အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ယနေ့အထိ မသန်စွမ်းသူ (၃၉,၂၆၈)ဦးအတွက် ထောက်ပံ့ငွေစုစုပေါင်း (၁,၂၁၂.၂၂၅) ကျပ်သန်း ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

## မိုခါမုန်တိုင်းဘေးသင့်ဒေသများအတွက် နိုင်ငံတကာ၏ အလှူငွေများလှူဒါန်းခြင်းအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနက လွှဲပြောင်းပေးအပ်ခြင်း



**၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်** **နေပြည်တော်**

မိုခါမုန်တိုင်းဘေးသင့်ဒေသများအတွက် အလှူငွေများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို(၂၁-၁၁-၂၀၂၃) ရက်နေ့တွင် ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးက နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် မိုခါမုန်တိုင်းသင့် ဒေသများအတွက် နိုင်ငံတကာအလှူရှင်များ၏ လှူဒါန်းငွေများကို လာရောက်လွှဲပြောင်း ပေးအပ်လျက်ရှိရာ ယခုသည် တတိယအကြိမ်မြောက် ဖြစ်ပါကြောင်း၊ ယခုလှူဒါန်းမှုမှာ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံက အမေရိကန်ဒေါ်လာ(၅)သောင်း၊ကိုးရီးယားသမ္မတနိုင်ငံမှ **Mr. Ahn Jae Young** က အမေရိကန်ဒေါ်လာ (၇၃၈) နှင့် စင်္ကာပူနိုင်ငံရောက်မြန်မာနိုင်ငံသားများက အမေရိကန်ဒေါ်လာ(၆၀၀) တို့ ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မိုခါမုန်တိုင်းအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ပြည်တွင်း/ပြည်ပ အလှူရှင်များ၏ လှူဒါန်းရရှိငွေမှာ မြန်မာငွေကျပ်(၃၃.၂၆၄)ဘီလီယံနှင့် အမေရိကန်ဒေါ်လာ (၈၄၅၆၁၉.၄၃)တို့ဖြစ်ပါကြောင်း၊ မိုခါအရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ယနေ့

အထိ ငွေကျပ် (၆၈.၇၄၃) ဘီလီယံ သုံးစွဲခဲ့ပါကြောင်း၊ ယခုလာရောက် လှူဒါန်းငွေများကိုလည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေသို့ ထည့်သွင်းပြီး လိုအပ်သည့်နေရာများတွင် စနစ်တကျ သုံးစွဲ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အလှူရှင်များနှင့် ကိုယ်စားလာရောက်လှူဒါန်းသည့် နိုင်ငံခြားရေးဝန်ကြီးဌာနကို ကျေးဇူးတင်ပါကြောင်း၊ လေးစားစွာမှတ်တမ်းတင်အပ်ပါကြောင်းပြောကြား၍ အလှူငွေများကို လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မူလတန်းကြိုကျောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနများသို့ ကြည့်ရှုစစ်ဆေးခြင်း**




**၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် (၂၂-၁၁-၂၀၂၃) ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ သီရိရတနာမူလတန်းကြိုကျောင်းသို့ သွားရောက်ခဲ့ပြီး ကျောင်းအုပ်နှင့် ဆရာမများအား တွေ့ဆုံ၍ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကလေးများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ မုန့်များဝေငှပေးခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားပြီး ကြိုးစားလိုက်နာကျင့်သုံးကြရန် မှာကြားခဲ့ပါသည်။

# ၂၀၂၃ ခုနှစ်၊ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေးနေ့ (၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကျင်းပခြင်း



**၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်** **နေပြည်တော်**

၂၀၂၃ ခုနှစ်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ (၁၆)ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ဦးဆောင်၍ ယနေ့နံနက် (၁၀:၀၀) နာရီတွင် နေပြည်တော်၊ Hotel Max ၊ ကုမုဒြာခန်းမ၌ ကျင်းပခဲ့ပါသည်။



အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း၊ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အစိုးရမဟုတ်သော အမျိုးသမီးအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီးနောက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ အသိပညာပေး Video Clip ပြသခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးခဲ့ပါသည်။ အခမ်းအနားကို နံနက် (၁၁:၀၀) နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီအစည်းအဝေး (၁/၂၀၂၃) နှင့် သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာအစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းမှ တက်ရောက်ခြင်း




**၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်** **နေပြည်တော်**

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအမျိုးသား ကော်မတီအစည်းအဝေး (၁/၂၀၂၃) ကို (၂၉-၁၁-၂၀၂၃) ရက်နေ့တွင် ဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ အမျိုးသားကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေး မှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဘာသာရပ် ဆိုင်ရာ တာဝန်ခံများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်း များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအမျိုးသား ကော်မတီ ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီ၊ အတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၂) ဆုံးဖြတ်ချက် အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ဘာသာရပ်ဆိုင်ရာ ညွှန်ကြားရေးမှူးက ပရဟိတဂေဟာ များ လေ့လာဆန်းစစ် တွေ့ရှိမှုများအားလည်းကောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဝင်များမှ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ကြပါ သည်။



ထို့နောက် သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ အစည်းအဝေးကို စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ

မြန်မာနိုင်ငံသက်ကြီး ရွယ်အိုများဆိုင်ရာကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ အတွင်းရေးမှူး၊လူမှုဝန်ထမ်းဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ်က သက်ကြီးရွယ်အိုများ ဘဝမြှင့်တင်ရေးနှင့်စောင့်ရှောက်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာအစည်းအဝေးတက်ရောက်လာသူများက အကြံပြုဆွေးနွေးခဲ့ကြပါသည်။

## မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ (၂/၂၀၂၃) အစည်းအဝေးနှင့် အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီအစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းမှ တက်ရောက်ခြင်း



**၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်** **နေပြည်တော်**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ (၂/၂၀၂၃) အစည်းအဝေးအား ဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ (၃၀-၁၁-၂၀၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အမှာစကား ပြောကြားခဲ့ပါကြောင်း ပြောကြားခဲ့ပါသည်။

အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ အစည်းအဝေးကို ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက် အမှာစကားပြောကြားခဲ့ပါကြောင်း သိရှိရပါသည်။



## (၁၉) ကြိမ်မြောက် အာဆီယံ လူမှုဝန်ထမ်းနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ဥက္ကဋ္ဌနှင့် ဘာသာရပ်ဆိုင်ရာတာဝန်ခံများ ပါဝင်တက်ရောက်ခြင်း

**၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်** **ဗီယက်နမ်နိုင်ငံ၊ ဟာလောင်းမြို့**




၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ(၁၃)ရက်နေ့မှ (၁၆)ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ၊ ဟာလောင်းမြို့တွင် ဗီယက်နမ်နိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၉) ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါက်တာသက်သက်ဇင်နှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာတာဝန်ခံများ ပါဝင်တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးအား "Responsive Social Protection in the Changing World" ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ဗီယက်နမ်နိုင်ငံ၊ အလုပ်သမားနှင့် လူမှုရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြား၍ အစည်းအဝေးအား စတင်ဖွင့်လှစ်ခဲ့ပါသည်။

(၁၃.၁၁.၂၀၂၃)ရက်နေ့မှ (၁၄.၁၁.၂၀၂၄)ရက်နေ့အထိ ကျင်းပခဲ့သော (၁၈) ကြိမ်မြောက်အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများဆိုင်ရာအစည်းအဝေးတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားစဉ်ကာလနှင့် ကပ်ရောဂါ အလွန်ကာလများတွင် အာဆီယံနိုင်ငံအသီးသီး၌ ထိခိုက်လွယ်အုပ်စုများဖြစ်သည့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအပေါ်လူမှုကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုပံ့ပိုးမှုအခြေအနေများ၊ တိုးတက်ပြောင်းလဲလာသောအခြေအနေများနှင့်အညီ ဆောင်ရွက်ပေးရမည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ နှင့် လူမှုဝန်ထမ်းသမား (Social Worker) များအနေဖြင့် ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်များအား အာဆီယံနိုင်ငံအသီးသီးမှ အဆင့်မြင့် အရာရှိကြီးများ၊ UN အဖွဲ့အစည်းများ၊ INGOs များနှင့် NGOs များ၏ ကိုယ်စားလှယ်များက Panel Discussants များအဖြစ် ဆွေးနွေးခဲ့ကြပါသည်။

(၁၉) ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးအား (၁၅.၁၁.၀၂၃) ရက်နေ့တွင်ကျင်းပခဲ့ပြီး (၁၈)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံ + ၃ နိုင်ငံများ အစည်းအဝေးအား (၁၆.၁၁.၂၀၂၃) ရက်နေ့တွင် ကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။






## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား ကျင်းပပြီးစီးခြင်း

**၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်** **မွန်ပြည်နယ်**



မွန်ပြည်နယ်အမျိုးသမီးကော်မတီက ကြီးမှူးပြီး ၂၀၂၃ ခုနှစ်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို (၂၅-၁၁-၂၀၂၃) ရက်နေ့ နံနက် (၀၉:၃၀) နာရီအချိန် မော်လမြိုင်မြို့၊ ပြည်နယ်ခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အဖွင့်အမှာ စကားပြောကြားပြီး၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဖြန့်ဝေပေးထားသည့် အမျိုးသမီး များအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် Video Clip အား ပြသပါသည်။

ထို့နောက် မော်လမြိုင်အားကစားသိပ္ပံကျောင်းမှ ကျောင်းသူလေးများက “ထာဝရ သစ္စာ” သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ Fitness Dance ဖြင့် တေးသရုပ်ဖော် ကပြဖျော်ဖြေ တင်ဆက်သွားပါသည်။

အခမ်းအနားသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်ဇနီး၊ တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ် အမျိုးသမီး ကော်မတီဝင်များ၊ ပြည်နယ်အဆင့်ဌာန ဆိုင်ရာများ၊ ခရိုင်/ မြို့နယ်အမျိုးသမီးကော်မတီဝင်များ၊ ပြည်တွင်း/ပြည်ပလူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးဒီဂရီ ကောလိပ်၊ သူနာပြု သင်တန်းကျောင်း၊ အား/ကာသိပ္ပံ (မော်လမြိုင်)၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်းအတတ်ပညာ သင် ကျောင်းမှ ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စုစုပေါင်း အင်အား (၂၀၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

## (၃၄) နှစ်မြောက် ကလေး သူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်းအနားကျင်းပခြင်း

**၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်** **ရန်ကုန်တိုင်းဒေသကြီး**

၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်နေ့တွင် ကျရောက်သည့် (၃၄)နှစ်မြောက် ကလေးသူငယ်အခွင့်အရေး များဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်းအနားကို (၂၀.၁၁.၂၀၂၃) ရက်နေ့ နံနက် (၀၉:၀၀) နာရီတွင် အမျိုးသမီးကလေးများသင်တန်းကျောင်း (ရန်ကုန်) တွင် ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားသို့ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့ဝင်များ၊ ခရိုင်ဦးစီးမှူးများ၊

ဌာနငယ်/ သင်တန်းကျောင်းများမှ ကျောင်းအုပ်များ၊ မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်လေးများ၊ မသန်စွမ်းကျောင်းများမှ ကျောင်းသား/ ကျောင်းသူများ၊ နန်းဦးဖွံ့ဖြိုးရေး ပရဟိတဂေဟာမှကလေးများစုစုပေါင်း(၂၄၀)ဦး တက်ရောက်ခဲ့ကြပါသည်။




အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူးက အဖွင့်အမှာ စကားပြောကြားပြီး World Children's Day Video Clip ပြသခြင်းနှင့် မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်များနှင့် ဌာနငယ်/သင်တန်းကျောင်းမှ ကလေးများ၊ နန်းဦးဖွံ့ဖြိုးရေးပရဟိတဂေဟာမှ ကလေးများမှ ဖျော်ဖြေတင်ဆက်ခဲ့ကြပါသည်။

ထို့နောက် ဖျော်ဖြေရေးတွင် ပါဝင်ခဲ့ကြသည့် ကလေးများအား ရန်ကုန်တိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် Tdh-L အဖွဲ့တို့မှ ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြပြီး နံနက် (၁၁:၀၀) နာရီတွင် အခမ်းအနားအောင်မြင်စွာ ပြီးမြောက်ခဲ့ပါသည်။

## ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ(၂၀)ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၆)ရက်နေ့ထိဖွင့်လှစ်ဆောင်ရွက်သည့် "မျက်မမြင်လက်စမ်းစာ အရေး၊ အဖတ်(၃)လ" သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း

**၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်** **ရန်ကုန်တိုင်းဒေသကြီး**



(၂၀.၁၁.၂၀၂၃)ရက်နေ့ နံနက်(၁၁:၃၀)နာရီတွင် ကြည့်မြင်တိုင်မျက်မမြင် ကျောင်း၌ ကျင်းပပြုလုပ်သည့် (၂၀.၁၁.၂၀၂၃) ရက်နေ့မှ (၁၆.၂.၂၀၂၄) ရက်နေ့အထိ ဖွင့်လှစ်ဆောင်ရွက်သည့် "**မျက်မမြင်လက်စမ်းစာ အရေး/ အဖတ်(၃)လသင်တန်း**" ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး၊ ခရိုင်ဦးစီးမှူးများ၊ မသန်စွမ်းကျောင်းများမှ ကျောင်းအုပ်များနှင့် သင်တန်းသား(၁၀)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူးမှ အဖွင့်အမှာ စကားပြောကြားခဲ့ပြီး ယခုလိုသင်တန်းဖွင့်လှစ်ရခြင်းရဲ့ အဓိက ရည်ရွယ်ချက်မှာ မျက်မမြင်စာပေကို အရေး၊ အဖတ်ကျွမ်းကျင် တက်မြောက်စေရန်နှင့် ဆက်လက်သင်ကြားပေးနိုင်မည့် ဆရာ/ဆရာမများ မွေးထုတ်ရန်ဖြစ်ပါကြောင်း၊ သင်တန်းသားများအနေနဲ့ မျက်မမြင်စာများကို သင်တန်းကာလ (၃) လအတွင်း အာရုံစူးစိုက် ကြိုးစားပြီး လေ့လာသင်ယူနိုင်လိမ့်မယ်လို့ မျှော်လင့်မိပါကြောင်း မျက်မမြင်စာပေ အရေး၊ အဖတ် ကျွမ်းကျင်စွာ သင်ယူတက်မြောက်ပြီး မိမိတာဝန်ကျရာ မျက်မမြင်ကျောင်း အသီးသီးမှ ကလေးသူငယ်များကို နည်းစနစ်ကျကျ လေ့ကျင့်သင်ကြားပေးစေလိုကြောင်း ပြောကြားခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလအတွင်း သဘာဝဘေးအသိပညာပေး ဟောပြောပွဲများပြုလုပ်ခြင်း




(၆-၁၁-၂၀၂၃)ရက်နေ့တွင်တနင်္သာရီတိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ အ.ထ.က (၁) ကျောင်း၌ ကျောင်းသား/သူ(၁၀၀)ဦးခန့်အား သဘာဝဘေးအန္တရာယ် ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊လက်ကမ်းစာစောင် များ ဖြန့်ဝေခြင်းနှင့် ဗီနိုင်းပိုစတာ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။




(၆-၁၁-၂၀၂၃)ရက်နေ့တွင်တနင်္သာရီတိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ အ.ထ.က (၂) ကျောင်း၌ ကျောင်းသား/သူ(၁၀၀)ဦးခန့်အား သဘာဝဘေးအန္တရာယ် ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင် များ ဖြန့်ဝေခြင်းနှင့် ဗီနိုင်းပိုစတာ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၇-၁၁-၂၀၂၃)ရက်နေ့တွင်တနင်္သာရီတိုင်းဦးစီးမှူးရုံး ရုံးမှ တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ အ.ထ.က (၃) ကျောင်း၌ ကျောင်းသား/သူ(၁၀၀)ဦးခန့်အား သဘာဝဘေးအန္တရာယ် ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင် များ ဖြန့်ဝေခြင်းနှင့် ဗီနိုင်းပိုစတာ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။




(၇-၁၁-၂၀၂၃)ရက်နေ့တွင်တနင်္သာရီတိုင်းဦးစီးမှူးရုံး မှ တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ အ.ထ.က (၄) ကျောင်း၌ ကျောင်းသား/သူ(၁၀၀)ဦးခန့်အား သဘာဝဘေးအန္တရာယ် ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင် များ ဖြန့်ဝေခြင်းနှင့် ဗီနိုင်းပိုစတာ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။




(၈-၁၁-၂၀၂၃)ရက်နေ့တွင်တနင်္သာရီတိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ အ.ထ.က (၅) ကျောင်း၌ ကျောင်းသား/သူ(၁၀၀)ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဗီနိုင်းပိုစတာ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။




(၈-၁၁-၂၀၂၃)ရက်နေ့တွင်တနင်္သာရီတိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ အ.ထ.က (၆) ကျောင်း၌ ကျောင်းသား/သူ(၁၀၀)ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဗီနိုင်းပိုစတာ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(၁၆-၁၁-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အ.ထ.က (ကျောက်ရေတွင်း)ကျောင်း၌ ကျောင်းသား/သူ(၁၀၀)ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဗီနိုင်းပိုစတာ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။




(၁၇-၁၁-၂၀၂၃) ရက်နေ့တွင် ပေါင်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အ.ထ.က (ပေါင်) စာသင်ကျောင်း၌ ကျောင်းသား/သူ(၁၂၀)ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဗီနိုင်းပိုစတာ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။




(၂၁-၁၁-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ကွမ်းခြံကုန်းကျေးရွာ၊ သဒ္ဓမ္မဇောတိကာရုံ ဘုန်းကြီးကျောင်းသင်ပညာရေး(မူလွန်)ကျောင်း၌ ကျောင်းသား/သူ(၉၀၀)ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး

ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဗွီနိုင်းပိုစတာ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၂၁-၁၁-၂၀၂၃) ရက်နေ့တွင် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ပုဗ္ဗသီရိမြို့နယ်၊အ.ထ.က-ခွဲ(ကျောင်းကုန်း) စာသင်ကျောင်းနှင့် အ.ထ.က-ခွဲ (ညောင်လူး) စာသင်ကျောင်းတို့၌ ကျောင်းသား/သူ (၆၅၀)ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဗွီနိုင်းပိုစတာ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။




(၂၁-၁၁-၂၀၂၃) ရက်နေ့တွင် မင်းလှမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ အ.ထ.က (အုတ်ဖို) စာသင်ကျောင်း၌ ဆရာ/ဆရာမများနှင့် ကျောင်းသား/သူ (၁၅၀)ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဗွီနိုင်းပိုစတာဖြန့်ဝေခြင်းနှင့် ဘောပင်၊ ဗလာစာအုပ်များ ဝေငှပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။




(၂၁-၁၁-၂၀၂၃) ရက်နေ့တွင် နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.မ.က (ပန်းတင်) စာသင်ကျောင်း နှင့် အ.မ.က (သပြေတန်း) စာသင်ကျောင်းတို့၌ ကျောင်းသား/ သူ (၁၃၀) ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဗွီနိုင်းပိုစတာ ဖြန့်ဝေခြင်းနှင့် ဘောပင်၊ ခဲတံ၊ ဗလာစာအုပ်များ ဝေငှပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။




(၂၂-၁၁-၂၀၂၃) ရက်နေ့တွင် မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ ပညာရေးဒီဂရီကောလိပ်တွင် ဆရာ/ ဆရာမ များနှင့် ကျောင်းသား/ သူ

(၅၀၀) ဦးခန့်အား သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်များ၊ မီးခိုးညစ်ညမ်းမှုအကြောင်း တောမီးအန္တရာယ်နှင့် ပလပ်စတစ်ညစ်ညမ်းမှုနှင့်စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေးဟောပြောခြင်း၊ လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းနှင့် ဗွီနိုင်းပိုစတာဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၂၂-၁၁-၂၀၂၃) ရက်နေ့တွင် ဥတ္တရခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က-ခွဲ (ရေပြာ) စာသင်ကျောင်းနှင့် အ.ထ.က-ခွဲ(သပြေကုန်း)စာသင်ကျောင်း တို့၌ ကျောင်းသား/သူ(၄၅၀) ဦးခန့်အား သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ သဘာဝ ဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန် အချက်များ အသိပညာဟောပြောခြင်း၊ လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းနှင့် ဗွီနိုင်းပိုစတာဖြန့်ဝေခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။




(၂၂-၁၁-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တောင်ပိုင်း ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရန်ကုန်တိုင်း ဒေသကြီးသန်လျင်ခရိုင်၊သန်လျင်မြို့နယ်၊ လူမှုဝန်ထမ်းဦးစီး ဌာန၊ လူငယ်သင်တန်းကျောင်းတွင် သင်တန်းသား(၁၄၂)ဦး ခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဗွီနိုင်းပိုစတာဖြန့်ဝေခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။




(၂၂-၁၁-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တောင်ပိုင်း ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသ ကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မူလွန် (လက်ယက်စမ်း) ကျောင်း၌ ကျောင်းသား/သူ(၂၀၀) ဦးခန့် အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဗွီနိုင်းပိုစတာ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။




(၂၂-၁၁-၂၀၂၃) ရက်နေ့တွင် ကျိုက်ထိုမြို့နယ်

ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ အ.ထ.က (၁) အထက်တန်းကျောင်း၌ ကျောင်းသား/သူ(၁၂၀)ဦးခန့်အား သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာ ဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ ဘေးအန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန် အချက်များ ကြိုတင်ကာကွယ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းတို့ဆိုင်ရာ အသိပညာပေး ဟောပြော ဆောင်ရွက်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဗွီနိုင်းပိုစတာ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။




(၂၃-၁၁-၂၀၂၃) ရက်နေ့တွင် မင်းလှမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ကိုင်းပြင်ကြီးကျေးရွာ၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ကျောင်းသား/သူ(၁၂၀)ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဗွီနိုင်းပိုစတာ ဖြန့်ဝေခြင်း၊ ဘောပင်၊ ဗလာ စာအုပ်များ ဝေငှပေးခြင်းတို့ကို မီးသတ်ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပါသည်။

(၂၃-၁၁-၂၀၂၃) ရက်နေ့တွင် မြောင်းမြခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ အ.ထ.က(၄)ကျောင်း၌ ကျောင်းသား/သူ (၁၅၀) ဦးခန့်အား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဆောင်ရွက်နေသောလုပ်ငန်းများ ထောက်ပံ့ပေးမှုများ၊ သဘာဝဘေးနှင့်ပတ်သက်သော ဆောင်ရန်/ ရှောင်ရန်များ၊ မီးခိုးညစ်ညမ်းမှု၊ တောမီး အန္တရာယ်နှင့် ပလက်စတစ်ညစ်ညမ်းမှုများနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေးခြင်း၊ သဘာဝဘေးအသိပညာပေး လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်း၊ ဗွီနိုင်းပိုစတာဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။




(၂၃-၁၁-၂၀၂၃) ရက်နေ့တွင် ကျိုက်ထိုမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ အ.ထ.က(၂)အထက်တန်းကျောင်း၌ ကျောင်းသား/သူ(၁၂၀)ဦးခန့်အား သဘာဝဘေး အသိပညာဗဟုသုတတိုးပွားစေရန်ရည်ရွယ်၍ ဘေးအန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များ၊ ကြိုတင်ကာကွယ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းတို့ဆိုင်ရာ အသိပညာပေးခြင်း၊သဘာဝဘေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၂၃-၁၁-၂၀၂၃) ရက်နေ့တွင် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က-ခွဲ (မင်္ဂလာဒီပ) စာသင်ကျောင်း၌ ကျောင်းသား/ သူ (၁၀၀) ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများနှင့် ဗွီနိုင်းပိုစတာဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



(၂၃-၁၁-၂၀၂၃) ရက်နေ့တွင် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.လ.က-ခွဲ (ရွာတော်) စာသင်ကျောင်း၌ ကျောင်းသား/သူ(၂၀၀)ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ဗွီနိုင်းပိုစတာဖြန့်ဝေခြင်း၊ ဘောပင်၊ ခဲတံနှင့် ဗလာစာအုပ်များ ဝေငှပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။




(၂၃-၁၁-၂၀၂၃) ရက်နေ့တွင် နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ အ.မ.က (သူဌေးကုန်း) စာသင်ကျောင်းနှင့် အ.မ.က (မြောက်လွတ်ကုန်း) စာသင်ကျောင်းတို့၌ ကျောင်းသား/သူ(၂၀၀)ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများနှင့် ဗွီနိုင်းပိုစတာဖြန့်ဝေခြင်း၊ ဘောပင်၊ ဗလာစာအုပ်များ ဝေငှပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



(၂၃-၁၁-၂၀၂၃) ရက်နေ့တွင် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.မ.က (ပြင်ကြီး)၊ ပြင်ကြီးသီလရှင်သင်ပညာရေးကျောင်း၌ ကျောင်းသား/သူ (၁၅၀)ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဗွီနိုင်းပိုစတာဖြန့်ဝေခြင်း၊ ဘောပင်၊ ဗလာစာအုပ်များ ဝေငှပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။




(၂၄-၁၁-၂၀၂၃) ရက်နေ့တွင် မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊

မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ မဒေါ့ပင်ကျေးရွာရှိ အ.မ.က (မဒေါ့ချောင်) စာသင်ကျောင်း၌ ဆရာ/ဆရာမများနှင့် ကျောင်းသား/ သူ (၁၀၀) ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ဗီနိုင်းပိုစတာ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(၂၄-၁၁-၂၀၂၃) ရက်နေ့တွင် နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ အမှတ် (၂၀) (ယောက်သွားအင်း) စာသင်ကျောင်းနှင့် အမှတ်-၁၄၀ (လက်ပံခါးလှ) စာသင်ကျောင်းတို့၌ ကျောင်းသား/သူ (၁၆၀)ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းနှင့် ဗီနိုင်းပိုစတာဖြန့်ဝေခြင်း၊ ဘောပင်၊ ခဲတံနှင့် ဗလာစာအုပ်များ ဝေငှပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလအတွင်း သင်တန်းဖွင့်လှစ်မှုပြုလုပ်ခြင်း



(၂၀-၁၁-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါ မိမိတို့ပါဝင်ဆောင်ရွက်ရသည့်ကဏ္ဍအလိုက် အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများတွင် ရာသီဥတုပြောင်းလဲမှုနှင့်အတူ ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများကို ထည့်သွင်း ဆောင်ရွက်နိုင်ရန် ပြည်သူလူထုအတွင်း သဘာဝဘေးအန္တရာယ်အသိပညာဗဟုသုတများ၊ သဘာဝဘေးအန္တရာယ် မကျရောက်မီ၊ ကျရောက်နေစဉ်၊ ကျရောက်ပြီးနောက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆင့်ပွား အသိပညာပေးနိုင်စေရန် ရည်ရွယ်၍ ခရိုင်အဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အခြေခံသင်တန်းအမှတ်စဉ် (၁/ ၂၀၂၃) ကို ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ (RCC) ခန်းမ၌ ဖွင့်လှစ်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလအတွင်း ဇာတ်တိုက်လေ့ကျင့်ခန်းဆောင်ရွက်မှု



(၁၄-၁၁-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်း ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ဌာနဆိုင်ရာ အဖွဲ့အသီးသီးမှ တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ဆရာ/ဆရာမများနှင့်

ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း(၃၁၅)ဦးတို့နှင့် ပူးပေါင်း၍ မြေငလျင်ဘေးအန္တရာယ် သဏ္ဍာန်တူ ဇာတ်တိုက် လေ့ကျင့်ခန်းပြုလုပ်ခဲ့ပါသည်။




(၁၇-၁၁-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်း ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အ.ထ.က (၆) အခြေခံပညာ အထက်တန်းကျောင်း၌ ဌာနဆိုင်ရာ အဖွဲ့အသီးသီးမှ တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ် စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ဆရာ/ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း (၂၁၅) ဦးတို့နှင့်ပူးပေါင်း၍ ငလျင်ဘေးအန္တရာယ် သဏ္ဍာန်တူ ဇာတ်တိုက် လေ့ကျင့်ခန်း ပြုလုပ်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလအတွင်း မီးဘေးထောက်ပံ့မှုများ

(၁-၁၁-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးမြင်းခြံခရိုင်၊တောင်သာမြို့နယ်၊ကျောက္ကာကျေးရွာအုပ်စု၊ ကျောက္ကာကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီး လူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၃) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၆,၃၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၃-၁၁-၂၀၂၃) ရက်နေ့တွင် တောင်တာမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၃-၁၁-၂၀၂၃)ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ ဆင်ဖြူရှင်ရပ်ကွက်၊မနော်ဟရီလမ်းနှင့် စွယ်တော်(၂)လမ်း၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ်(၁)လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀/-)၊ဘေးသင့်လူဦးရေ(၂)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၄,၂၀၀/-)တို့ကို (၇-၁၁-၂၀၂၃) ရက်နေ့တွင် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။




(၇-၁၁-၂၀၂၃)ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ မြဝတီရပ်ကွက်၊ နယ်မြေ(၁၁/ခ)၌ မီးဘေးဖြစ်ပွားခဲ့မှု ကြောင့် လုံးဝပျက်စီးလူနေ အိမ် (၁) လုံး၊ အိမ်ဆောက်

ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀/-)၊ ဘေးသင့် လူဦးရေ (၄) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၈,၄၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို (၉-၁၁-၂၀၂၃) ရက်နေ့တွင် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၁-၁၀-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အောင်ချမ်းသာအုပ်စု၊ အောင်ချမ်းသာကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝ ပျက်စီး လူနေအိမ် (၁) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၅၀,၀၀၀/-)၊ ဘေးသင့် လူဦးရေ (၁၂) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၂၅,၂၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၈) မျိုးတို့ကို (၁၃-၁၁-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၂-၁၁-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၊ ရွှေဥက္ကံကျေးရွာအုပ်စု၊ ဆိပ်ကမ်းလမ်း၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ဘေးသင့်လူဦးရေ (၁၀) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၂၁,၀၀၀/-)၊ ဒဏ်ရာရရှိသူ (၁) ဦးအတွက် ထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-)၊ Mask (၂၀) ခုနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၅-၁၁-၂၀၂၃) ရက်နေ့တွင်ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၃-၁၁-၂၀၂၃) ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ ကော့ကဒိ ကျေးရွာအုပ်စု၊ ရွှေချုန်းသာကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-)၊ ဘေးသင့် လူဦးရေ (၅) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၀,၅၀၀/-)တို့ကို (၁၅-၁၁-၂၀၂၃) ရက်နေ့တွင် ဘားအံခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။





(၁၈-၁၁-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ရွာသစ် (၂) လမ်း၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လူနေအိမ် (၂) လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၄၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၁) ဦးအတွက် ဆန်ရိက္ခာ ဖိုးထောက်ပံ့ငွေကျပ် (၂၃,၁၀၀/-)၊ Mask (၂၂)ခု နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၂၁-၁၁-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလအတွင်း လေဘေးထောက်ပံ့မှုများ

(၁၆-၁၁-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ မြို့မရပ်ကွက်၌ လေဘေးဖြစ်ပွားမှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီး လူနေအိမ် (၂) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၈၄,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၁၀)ဦး တို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၂၁,၀၀၀/-) တို့ကို (၂၀-၁၁-၂၀၂၃) ရက်နေ့တွင် ပျော်ဘွယ်မြို့နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလအတွင်း မိုးကြိုးဘေးထောက်ပံ့မှုများ



(၁၄-၁၁-၂၀၂၃) ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ မအိုင်ကျေးရွာအုပ်စု၊ ပထက်ကျေးရွာ၌ မိုးကြိုးထိမှန်၍ လူ(၁)ဦး သေဆုံးကာ သေဆုံးထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-) အား (၁၅-၁၁-၂၀၂၃) ရက်နေ့တွင် မြိတ်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၄-၁၁-၂၀၂၃) ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ဘုတ်ပြင်းခရိုင်၊ဘုတ်ပြင်းမြို့နယ်၊ထောင်ငါးသိုင်းကျေးရွာအုပ်စု၊ ချောင်းမွန်ကျေးရွာ၌ မိုးကြိုးထိမှန်၍ လူ(၁)ဦးသေဆုံးကာသေဆုံးထောက်ပံ့ငွေကျပ်(၃၀၀,၀၀၀/-) အား (၁၅-၁၁-၂၀၂၃) ရက်နေ့တွင် ဘုတ်ပြင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၈-၁၁-၂၀၂၃) ရက်နေ့တွင် ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့နယ်၊ နောင်ထပွဲကျေးရွာအုပ်စု၊ကော့စူးကျေးရွာ၌ မိုးကြိုးထိမှန်၍ လူ(၁)ဦးသေဆုံးကာ သေဆုံးထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-) အား (၁၉-၁၁-၂၀၂၃) ရက်နေ့တွင် ကော့ကရိတ် ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလအတွင်း ကမ်းပြိုဘေးထောက်ပံ့မှုများ



(၅-၁၁-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သုံးခွမြို့နယ်၊ အမှတ် (၇) ရပ်ကွက်၊ သီပေါလမ်း၊ မော်ဝန်ချောင်း၌ ကမ်းပြိုဘေးအန္တရာယ်ကြောင့် ကြိုတင် ပြောင်းရွှေ့လူနေအိမ် (၃) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ (၃၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၃) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၂၇,၃၀၀/-)တို့ကို (၆-၁၁-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တောင်းပိုင်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၉-၁၁-၂၀၂၃) ရက်နေ့တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ လက်ပံကျွန်းကျေးရွာအုပ်စု၊ ကုလားစုကျေးရွာ၌ ကမ်းပြိုဘေးအန္တရာယ်ကြောင့် ကြိုတင်ပြောင်းရွှေ့ လူနေအိမ် (၇) လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ (၇၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၃၁) ဦးတို့ အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၆၅,၁၀၀/-) တို့ကို (၁၀-၁၁-၂၀၂၃) ရက်နေ့တွင် ပေါင်မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၈-၁၁-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သုံးခွမြို့နယ်၊ အမှတ် (၇) ရပ်ကွက်၊ သီပေါလမ်း၊ မော်ဝန်ချောင်း၌ ကမ်းပြိုဘေးအန္တရာယ်ကြောင့် ကြိုတင်ပြောင်းရွှေ့လူနေအိမ် (၃) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ (၃၀၀,၀၀၀/-)၊ ဘေးသင့် လူဦးရေ(၅)ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၀,၅၀၀/-) တို့ကို (၂၀-၁၁-၂၀၂၃) ရက်နေ့တွင်

ရန်ကုန်တောင်းပိုင်းခရိုင်ဦးစီးမှူးရုံးမှသွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၁၉-၁၁-၂၀၂၃) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ကွင်းလျားကျေးရွာအုပ်စု၊ ဘုရားကုန်းကျေးရွာ၌ ကမ်းပြိုဘေးအန္တရာယ်ကြောင့် ကြိုတင်ပြောင်းရွှေ့လူနေအိမ်(၈)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ (၈၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၂၂) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၄၆,၂၀၀/-) တို့ကို (၂၀-၁၁-၂၀၂၃) ရက်နေ့တွင် ရေကြည်မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂၁-၁၁-၂၀၂၃) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ကွင်းလျားကျေးရွာအုပ်စု၊ ဘုရားကုန်းကျေးရွာ၌ ကမ်းပြိုဘေးအန္တရာယ်ကြောင့် ကြိုတင်ပြောင်းရွှေ့လူနေအိမ်(၄)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ (၄၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၂)ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၂၅,၂၀၀/-) တို့ကို (၂၃-၁၁-၂၀၂၃) ရက်နေ့တွင် ရေကြည်မြို့နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလအတွင်း ပြည်ပမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် ပြည်သူများအားကြိုဆိုမှု



(၁-၁၁-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ အစ္စရေးနိုင်ငံအတွင်း စစ်ဖြစ်ပွားမှုကြောင့် အခက်အခဲကြုံတွေ့နေရသော နေရပ်ပြန်မြန်မာနိုင်ငံသား (၃)ဦးတို့ကို ဘန်ကောက်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာချိန်၌ ကြိုဆိုဆောင်ရွက်ခဲ့ပါသည်။



(၂-၁၁-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ အင်ဒိုနီးရှားနိုင်ငံ၊ ဘာတန်

မြို့ရှိ အဏ္ဏဝါလုပ်ငန်းနှင့် ငါးသယံဇာတစခန်းတွင် ကွာလာလမ်ပူမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထိန်းသိမ်းထားသည့် မြန်မာနိုင်ငံသား (၅) ဦးတို့ကို ပြန်လည်ရောက်ရှိလာချိန်၌ ကြိုဆိုဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလအတွင်း ထူခြားဖြစ်စဉ်အတွက်ထောက်ပံ့မှုများ



(၁၇-၁၁-၂၀၂၃) ရက်နေ့တွင် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၌ လက်နက်ကြီးကျည်ထိမှန်မှုကြောင့် ဒဏ်ရာရရှိသူ (၁) ဦးအတွက် ထောက်ပံ့ငွေ (၅၀,၀၀၀/-) အား (၁၉-၁၁-၂၀၂၃) ရက်နေ့တွင် ကော့ကရိတ်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၇-၁၁-၂၀၂၃) ရက်နေ့တွင် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၌ လက်နက်ကြီးကျည်ထိမှန်မှုကြောင့် သေဆုံးသူ(၁)ဦးအတွက် သေဆုံးထောက်ပံ့ငွေ (၃၀၀,၀၀၀/-)အား (၁၉-၁၁-၂၀၂၃) ရက်နေ့တွင် ကော့ကရိတ်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။





(၁၇-၁၁-၂၀၂၃) ရက်နေ့တွင် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊အမှတ်(၄/၇)ရပ်ကွက်၌ လက်နက်ကြီးကျည်ထိမှန်မှုကြောင့် ဒဏ်ရာရရှိသူ (၁၇) ဦးအတွက် ထောက်ပံ့ငွေ (၈၅၀,၀၀၀/-) အား (၁၉-၁၁-၂၀၂၃) ရက်နေ့တွင် ကော့ကရိတ်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(လားရှိုး)မှ စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၃) ဆင်းပွဲအခမ်းအနားကျင်းပခြင်း

**၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်** **လားရှိုးမြို့နယ်**



(၁-၁၁-၂၀၂၃)ရက်နေ့၊ နံနက်(၁၀:၀၀)နာရီတွင် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (လားရှိုး)၌ စခန်းအခြေပြု ပြန်လည်ထူထောင်ရေး သင်တန်းဆင်းပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ရာ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ဦးစီးအရာရှိ၊ ဦးအောင်ထွန်းအေးက သင်တန်းဆင်း အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားတွင် ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အရပ်ဖက်မိတ်ဖက်မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့နှင့် သတင်းမီဒီယာများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသော ဧည့်သည့်တော်များ၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (လားရှိုး)မှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း(၃၅)ဦး တက်ရောက်ခဲ့ပြီး သင်တန်းဆင်းအခမ်းအနားကို နံနက် (၁၁:၀၀)နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

